**ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး**

**အဋ္ဌမနေ့အစီအစဉ်**

**၅-၁၁-၂၀၁၂ (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သဝဏ်လွှာများနှင့် စပ်လျဉ်း၍ ရှင်းလင်းခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ စီမံ/စီးပွားဝန်ကြီးဌာန နှင့် စပ်လျဉ်း သည့် မေးခွန်း ၂ ခု -

(၁) **လက်ရှိနိုင်ငံတော်တွင် ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံနှင့်ပုဂ္ဂလိကကို လွှဲပေးရန် ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံတို့နှင့် စပ်လျဉ်း သည့်မေးခွန်း။**

(၂) **၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အခြေအနေအရ ငွေကြေးဖောင်းပွမှု မည်မျှရှိပါသနည်းနှင့် စပ်လျဉ်းသည့်မေးခွန်း။**

(ခ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **စာပေးစာယူဆောင်ရွက်ရာတွင် လုံခြုံရေးအရ X-Rays စက်ဖြင့် စမ်းသပ်ခြင်း၊ ဖွင့်ဖောက် စစ်ဆေးခြင်း၊ အခြားနည်းဖြင့်စမ်းသပ်ခြင်း ရှိ/မရှိ နှင့် စစ်ဆေးမှုများ ဆောင်ရွက်ပြီး လုံခြုံရေးအဆင့် စိတ်ချရသော်လည်း မပို့ဘဲထားရှိ သည့် အဖွဲ့အစည်း (သို့) လူပုဂ္ဂိုလ်များရှိ/မရှိနှင့် တယ်လီဖုန်းနှင့်အခြား ဆက်သွယ်ရေး ကိရိယာများဖြင့် ပေးပို့ဆောင်ရွက်ရာတွင် နိုင်ငံတော်လုံခြုံရေးမှအပ အခြားသောကိစ္စများအား သိရှိရန် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်မြောက် ပိုင်းအတွက် ထပ်မံ၍ ဝန်ကြီးချုပ်တစ်ဦးနှင့် ဝန်ကြီးများ တိုးချဲ့ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **ရန်ကုန်မြို့၊ မန္တလေးမြို့စသော မြို့ကြီးများတွင် မော်တော်ကား အသုံးမပြုရနေ့ တစ်နှစ်တွင် တစ်နေ့ သတ်မှတ်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မြို့ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံ ပညာအထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂၇) နှင့် အမှတ်(၃၂) အခြေခံပညာ မူလတန်းလွန်ကျောင်းများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အမီ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၇။ အစည်းအဝေးပဋ္ဌမနေ့တွင်တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်။

(ခ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်။

(ဂ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်။

(ဃ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်။

၈။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၉။ ပြည်ထဲရေးဝန်ကြီးဌာနမှ ပေးပို့သော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ** နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဆိုင်ရာ နည်းဥပဒေများ** နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ပေးပို့သော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ** နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ** နှင့် စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး နဝမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။